# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ
# Mobile Tablet များ ဖြန့်ဝေဆောင်ရွက်မှုအခြေအနေ

နေပြည်တော်၊ ၂၀၂၀ ခုနှစ်၊ ဧပြီလ (၂၇) ရက်

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ပြည်သူများ၏ ကျန်းမာရေးအသိပညာ (Health Literacy) မြင့်မားတိုးတက်လာစေရန်၊ မြို့နယ်/တိုက်နယ်ဆရာဝန်များ၊ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲများတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် အခြေခံကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးနှင့် လုပ်ငန်းစွမ်းဆောင်ရည်များအား မြှင့်တင်နိုင်ရန်နှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ယခုထက် ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ခေတ်မီပြောင်းလဲတိုးတက်လာသော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာရပ်များ (Information and Communications Technology) နှင့်အညီ Mobile Tablet များကို အသုံးပြုပြီး အားဖြည့်ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ကြီးဌာနအနေဖြင့် (၂၁-၁၀-၂၀၁၈) ရက်နေ့မှ (၁၃-၁-၂၀၁၉) ရက်နေ့အထိ ကယား၊ မကွေး၊ မွန်၊ စစ်ကိုင်း၊ ကရင်၊ တနင်္သာရီနှင့် ရခိုင် အစရှိသည့် တိုင်းဒေသကြီး/ပြည်နယ် (၇) ခုတွင် မြို့နယ်/တိုက်နယ်ဆရာဝန်စုစုပေါင်း (၄၀၂) ဦးနှင့် အခြေခံကျန်းမာရေးဝန်ထမ်းစုစုပေါင်း (၁၀,၇၉၂) ဦး၊ စုစုပေါင်း (၁၁,၁၉၄) ဦးတို့အား Mobile Tablet များ ဖြန့်ဝေပေးအပ်ခဲ့ပါသည်။

တရုတ်နိုင်ငံတွင် COVID-19 ရောဂါ စတင်ဖြစ်ပွားသည့် အချိန်မှစ၍ တရုတ်ပြည်နှင့် နယ်နမိတ်ထိစပ်လျက်ရှိသော ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် အရှေ့ပိုင်းရှိ မြို့နယ် (၁၁) မြို့နယ်သို့ Mobile Tablet (၂၃၉) လုံးနှင့် Fever Surveillance Post များသို့ (၅၁) လုံး၊ စုစုပေါင်း (၂၉၀) လုံးအားလည်းကောင်း၊ ကျန်တိုင်းဒေသကြီး/ပြည်နယ် (၁၀) ခုရှိ မြို့နယ်/တိုက်နယ်ဆရာဝန် (၇၃၅) ဦးသို့လည်းကောင်း Mobile Tablet များ ထပ်မံဖြန့်ဝေခဲ့ပါသည်။

ဆက်လက်၍လည်း ကျန်တိုင်းဒေသကြီး/ပြည်နယ် (၁၀)ခုရှိ အခြေခံကျန်းမာရေးဝန်ထမ်း (၁၅,၈၂၀) ဦးအား Mobile Tablet များ ဖြန့်ဝေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

အခြေခံကျန်းမာရေးဝန်ထမ်းများအတွက် ဖြန့်ဝေသည့် Mobile Tablet များတွင် ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာ စံပြုအချက်အလက်များ၊ ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်နှင့် ပိုစတာများ၊ စံလုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းလမ်းညွှန်များ စသဖြင့် စာအုပ်စာတမ်းစုစုပေါင်း (၂၀၀) ကျော် ပါရှိပါသည်။

မြို့နယ်/တိုက်နယ်ဆရာဝန်များအတွက် ဖြန့်ဝေသည့် Tablet များတွင် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ လက်စွဲစာအုပ်များ၊ စံကုထုံးများ၊ လုပ်ငန်းလမ်းညွှန်များ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေနှင့် ဘဏ္ဍာရေးစီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းများ စသဖြင့် စာအုပ်စာတမ်းပေါင်း (၅၇၀) ကျော် ထည့်သွင်းပေးထားပြီး အင်တာနက် မလိုဘဲ Offline ဖတ်ရှုနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် Mobile Tablet များအတွင်း ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ Mobile Application (၁၀) ခုကျော်ကိုလည်း ထည့်သွင်းပေးထားပြီး Online/ Offline အသုံးပြုနိုင်မည်ဖြစ်ပါသည်။

အဆိုပါဖြန့်ဝေခဲ့ပြီးသော Mobile Tablet များသို့ Mobile Device Management (MDM) System အသုံးပြု၍ ကျန်းမာရေးဆိုင်ရာ အဓိကအသိပေးချက် (Key Message) များ၊ လက်ကမ်းစာစောင်နှင့် ပိုစတာများ၊ လုပ်ငန်းလမ်းညွှန်များကို ပေးပို့လျက်ရှိရာတွင် COVID-19 ရောဂါဆိုင်ရာ အချက်အလက်များ၊ ကျန်းမာရေးအသိပညာများနှင့် လုပ်ငန်းလမ်းညွှန်များကိုလည်း အချိန်နှင့်တစ်ပြေးညီ ပေးပို့လျက်ရှိပါသည်။

Mobile Tablet များကို အသုံးပြုခြင်းအားဖြင့် အောက်ပါ **အကျိုးကျေးဇူးများ** ကို ရရှိနိုင်မည် ဖြစ်ပါသည် –

- ကျန်းမာရေးဝန်ထမ်းများအနေဖြင့် Mobile Tablet များတွင် ထည့်သွင်းထားသော ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာစာအုပ်စာတမ်းများ၊ Application များ၊ အင်တာနက်မှတစ်ဆင့် အသိပညာ များ၊ အတတ်ပညာများကို ရှွေ့လျားစာကြည့်တိုက်သဖွယ် Offline/ Online အသုံးပြုနိုင်ခြင်း၊
- ဝန်ကြီးဌာန၏ Website နှင့် Social Media များကို အချိန်နှင့်တစ်ပြေးညီ ဝင်ရောက်ကြည့်ရှု အသုံးပြုနိုင်ခြင်း၊
- ကူးစက်ရောဂါဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေများ ကြုံတွေ့ရသည့်အခါ ဖြစ်စေ၊ ကပ်ရောဂါအသွင်ဖြင့် ရောဂါများဖြစ်ပွားသည့်အခါဖြစ်စေ၊ သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့်အခါဖြစ်စေ ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများနှင့် သဘာဝဘေး တုံ့ပြန် ဆောင်ရွက်ခြင်း လုပ်ငန်းများအတွက် လိုအပ်သော ပညာရပ်ဆိုင်ရာ အကူအညီများ၊ ညွှန်ကြား ချက်များ၊ လမ်းညွှန်ချက်များနှင့် ဆောင်ရွက်ရန်အချက်များကို Mobile Tablet များမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားနိုင်သည့်အတွက် ရောဂါကာကွယ် တားဆီးနှိမ်နင်းခြင်း လုပ်ငန်းများကို အထူး ထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်ခြင်း၊
- ကျန်းမာရေးသတင်းအချက်အလက်များအား သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ဗဟိုသို့ အချိန်နှင့်တစ်ပြေးညီ ရယူခြင်း၊ ပေးပို့ခြင်း၊ ဖလှယ်ခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်နိုင်ခြင်း၊
- Mobile Tablet များမှတစ်ဆင့် ကျန်းမာရေးဆိုင်ရာ စစ်တမ်း (Survey) များနှင့် သတင်းအချက် အလက်များကိုလည်း ကောက်ယူနိုင်ခြင်း၊
- Mobile Tablet များမှတစ်ဆင့် ကျန်းမာရေးဆိုင်ရာ စာရင်းဇယားများ၊ အစီရင်ခံစာများအား အချိန်နှင့်တစ်ပြေးညီ ဖြည့်သွင်းပေးပို့နိုင်ခြင်း၊
- ဝန်ကြီးဌာန၏ ကျန်းမာရေးအသိပညာမြှင့်တင်ရေးအချက်အလက်များကို QR (Quick Response) Code စနစ်ဖြင့် လျင်မြန်လွယ်ကူစွာ ဝင်ရောက်ကြည့်ရှုနိုင်ခြင်း၊

- ကျန်းမာရေးဌာနများနှင့် ဆေးရုံများအလိုက် ဆေးနှင့်ဆေးပစ္စည်းစီမံခန့်ခွဲမှုစနစ် (Logistics Management Information System) ကို နေပြည်တော် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနအောက်ရှိ ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် ဌာနခွဲများတွင် Mobile Tablet များအသုံးပြု၍ စာရင်းဇယားများကို ဖြည့်သွင်းလျက်ရှိပြီး အဆိုပါစနစ်အား အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆက်လက်အသုံးပြုနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိခြင်း၊
- Mobile Tablet များကို အသုံးပြုခြင်းအားဖြင့် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှု အရည်အသွေးများ ပိုမိုမြင့်မားလာမည်ဖြစ်ပြီး Tele-education, Tele-consultation နှင့် Tele-medicine လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်း၊









**Mobile Tablet များအသုံးပြု၍ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ကျန်းမာရေးဝန်ထမ်းများသို့ ဖြန့်ဝေလျက်ရှိသော Mobile Tablet များ စာရင်းကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။

## ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ Mobile Tablet များ လက်ခံရရှိမှုအခြေအနေ (As of 27-4-2020)

| ဝယ်ယူ/လက်ခံရရှိမှု | Samsung Tab A (8”) | Samsung Tab J (7”) |
|---|---|---|
| နိုင်ငံတော်ဘဏ္ဍာငွေ (အိတ်ဖွင့်တင်ဒါဖြင့် ဝယ်ယူမှု) | ၁,၂၀၀ (၂၀၁၈-၂၀၁၉ ခုနှစ်) | ၁,၉၁၇ (၂၀၁၇-၂၀၁၈ ခုနှစ်) |
| | | ၁၀,၃၆၀ (၂၀၁၈ ခုနှစ်၊ ၆ လ ဘတ်ဂျက်) |
| လှူဒါန်းလက်ခံရရှိမှု | ၅၀ (၂၀၁၉ ခုနှစ်) | ၅၅၀ (၂၀၁၉ ခုနှစ်) |
| UNICEF မှ ထောက်ပံ့မှု | - | ၅၇၀ (၂၀၁၉ ခုနှစ်) |
| Gavi မှ ထောက်ပံ့မှု | ၈,၀၀၀ (၂၀၁၉-၂၀၂၀ ခုနှစ်) | - |
| စုစုပေါင်း | ၉,၂၅၀ | ၁၃,၃၉၇ |

Gavi အဖွဲ့အစည်းမှ Samsung Tab A (8") အလုံး (၉,၀၀၀)အား ထပ်မံထောက်ပံ့မည်ဖြစ်ပြီး (၂၀၁၉-၂၀၂၀) ခုနှစ်၊ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် Samsung Tab A (8") အလုံး (၈,၀၀၀) ဝယ်ယူရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ Mobile Tablets များအား
# တိုင်းဒေသကြီး/ပြည်နယ် (၇)ခုသို့ ဖြန့်ဝေပြီးစီးမှုစာရင်း

## မြို့နယ်/တိုက်နယ်ဆရာဝန်

(As of 13-1-2019)

| စဉ် | ရာထူး | ကယား | မကွေး | မွန် | စစ်ကိုင်း | ကရင် | တနင်္သာရီ | ရခိုင် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး | ၇ | ၂၅ | ၁၁ | ၃၇ | ၈ | ၁၁ | ၁၇ | **၁၁၆** |
| ၂ | တိုက်နယ်ဆရာဝန် | ၁၀ | ၅၇ | ၂၉ | ၁၀၁ | ၂၉ | ၂၇ | ၃၅ | **၂၈၈** |
| | **မြို့နယ်/တိုက်နယ်ဆရာဝန်စုစုပေါင်း** | ၁၇ | ၈၂ | ၄၀ | ၁၃၈ | ၃၇ | ၃၈ | ၅၂ | ၄၀၄ |

## အခြေခံကျန်းမာရေးဝန်ထမ်း

| စဉ် | ရာထူး | ကယား | မကွေး | မွန် | စစ်ကိုင်း | ကရင် | တနင်္သာရီ | ရခိုင် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|
| ၁ | လက်ထောက်ကျန်းမာရေးမှူး | ၂၁ | ၁၆၂ | ၅၄ | ၁၈၄ | ၅၁ | ၄၂ | ၉၇ | **၆၁၁** |
| ၂ | အမျိုးသမီးကျန်းမာရေးဆရာမ | ၃၇ | ၁၅၈ | ၆၉ | ၁၈၀ | ၅၉ | ၄၃ | ၉၉ | **၆၄၅** |
| ၃ | ကြီးကြပ် (၁) | ၂၀ | ၂၉ | ၂၀ | ၄၈ | ၉ | ၉ | ၂၆ | **၁၆၁** |
| ၄ | သားဖွားဆရာမ | ၁၇၇ | ၁၃၁၈ | ၅၀၄ | ၁၆၉၂ | ၄၁၁ | ၃၆၅ | ၈၁၂ | **၅၂၇၉** |
| ၅ | ကြီးကြပ် (၂) | ၁၆၄ | ၁၀၀၆ | ၃၆၉ | ၁၂၈၂ | ၃၂၇ | ၂၇၀ | ၆၇၈ | **၄၀၉၆** |
| | **အခြေခံကျန်းမာရေးဝန်ထမ်းစုစုပေါင်း** | ၄၁၉ | ၂၆၇၃ | ၁၀၁၆ | ၃၃၈၆ | ၈၅၇ | ၇၂၉ | ၁၇၁၂ | ၁၀၇၉၂ |

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ Mobile Tablets များအား
# ကျန်တိုင်းဒေသကြီး/ပြည်နယ် (၁၀)ခုသို့ ဖြန့်ဝေမှုစာရင်း

## မြို့နယ်/တိုက်နယ်ဆရာဝန် (ဖြန့်ဝေပြီး)

(As of 27-4-2020)

| စဉ် | ရာထူး | ဧရာဝတီ | ကချင် | ချင်း | ရှမ်း (မြောက်) | ရှမ်း (ရှေ့) | ရှမ်း (တောင်) | ရန်ကုန် | မန္တလေး | ပဲခူး | နေပြည်တော် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး | ၂၈ | ၂၂ | ၉ | ၂၈ | ၁၅ | ၂၂ | ၇၅ | ၃၄ | ၂၉ | ၈ | ၂၇၀ |
| ၂ | တိုက်နယ်ဆရာဝန် | ၁၀၂ | ၃၈ | ၂၀ | ၄၈ | ၁၆ | ၄၂ | ၃၅ | ၇၂ | ၈၄ | ၈ | ၄၆၅ |
| | မြို့နယ်/တိုက်နယ်ဆရာဝန်စုစုပေါင်း | ၁၃၀ | ၆၀ | ၂၉ | ၇၆ | ၃၁ | ၆၄ | ၁၁၀ | ၁၀၆ | ၁၁၃ | ၁၆ | ၇၃၅ |

## အခြေခံကျန်းမာရေးဝန်ထမ်း (ယခုရက်ပိုင်းအတွင်း ဆက်လက်ဖြန့်ဝေမည်ဖြစ်ပါသည်)

| စဉ် | ရာထူး | ဧရာဝတီ | ကချင် | ချင်း | ရှမ်း (မြောက်) | ရှမ်း (ရှေ့) | ရှမ်း (တောင်) | ရန်ကုန် | မန္တလေး | ပဲခူး | နေပြည်တော် | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | လက်ထောက်ကျန်းမာရေးမှူး | ၁၉၄ | ၄၇ | ၅၀ | ၈၆ | ၃၅ | ၇၆ | ၁၁၈ | ၂၅၃ | ၁၅၇ | ၃၀ | ၁၀၄၆ |
| ၂ | အမျိုးသမီးကျန်းမာရေးဆရာမ | ၁၉၀ | ၅၈ | ၆၂ | ၇၇ | ၃၉ | ၁၀၆ | ၁၉၀ | ၁၈၃ | ၁၁၅ | ၂၆ | ၁၀၄၆ |
| ၃ | ကြီးကြပ် (၁) | ၄၄ | ၁၅ | ၂၁ | ၃၄ | ၁၁ | ၂၃ | ၃၉ | ၆၆ | ၃၇ | ၉ | ၂၉၉ |
| ၄ | သားဖွားဆရာမ | ၁၉၄၀ | ၄၆၆ | ၄၇၂ | ၅၆၃ | ၂၆၇ | ၆၂၁ | ၈၉၄ | ၁၂၉၆ | ၇၅၀ | ၂၄၉ | ၇၅၁၈ |
| ၅ | ကြီးကြပ် (၂) | ၁၃၄၅ | ၃၃၇ | ၄၁၅ | ၄၀၃ | ၁၂၅ | ၄၇၄ | ၆၂၂ | ၁၀၃၄ | ၉၇၃ | ၁၈၃ | ၅၉၁၁ |
| | အခြေခံကျန်းမာရေးဝန်ထမ်းစုစုပေါင်း | ၃၇၁၃ | ၉၂၃ | ၁၀၂၀ | ၁၁၆၃ | ၄၇၇ | ၁၃၀၀ | ၁၈၆၃ | ၂၈၃၂ | ၂၀၃၂ | ၄၉၇ | ၁၅၈၂၀ |